# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| – | စာရေးသူအမှာစာ | ကေ |
| – | အချုပ် | ကော |
| – | နိဒါန်း | ကံ |
| ၁။ | ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ (၁ဂ္ဂ၉၀–၁ဂ္ဂ၉၂) | ၁ |
| ၂။ | မန္တလေးရှေးဟောင်းဘုန်းကြီးကျောင်းတိုက်များ (၁ဂ္ဂ၈၂–၁၉၉၆) | ၅၁ |
| ၃။ | စစ်ကိုင်းတောင်ရိုး၊ ပရက္ကမချောင် (၁၃၆၄–၁၉၈၂) | ၈၇ |
| ၄။ | မိတ္ထီလာစီရင်စု၊ တောမလေးရွာ၊ ညောင်ပင်သာဓမ္မာရုံရတနာစံကျောင်း (၁၈၆၃–၁၉၉၈) | ၁၁၇ |
| ၅။ | မိတ္ထီလာစီရင်စု၊ ကမ်းနီတိုင် (၁၈၀၂–၁၉၃၂) | ၁၄၅ |
| ၆။ | ပုပ္ပားတောင်ကလပ် (၁၉၂၀–၂၀၀၄) | ၁၇၁ |
| ၇။ | သက္ကျသီဟစာမေးပွဲ (၁၉၀၃–၁၉၉၇) | ၂၁၃ |
| | ပြန်လည်သုံးသပ်ချက် | ၂၈၁ |


# နိဒါန်း

ရေးသားပြုစုပြီးရှိနေသည့် အကြောင်းအရာတူ စာတမ်း (၇) စောင်ကို မြန်မာ့ဗုဒ္ဓသာသနာ ဖြစ်တည်မှု မှတ်တမ်းဟု သတ်မှတ်ဖော်ပြလိုက်ပါသည်။ ထိုစာတမ်း (၇) စောင်မှာ

၁။ ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ (၁ဂ္ဂ၉၀–၁ဂ္ဂ၉၂)
၂။ မန္တလေးရှေးဟောင်းဘုန်းကြီးကျောင်းတိုက်များ (၁ဂ္ဂ၈၂–၁၉၉၆)
၃။ စစ်ကိုင်းတောင်ရိုး၊ ပရက္ကမချောင် (၁၃၆၄–၁၉၈၂)
၄။ မိတ္ထီလာစီရင်စု၊ တောမလေးရွာ ညောင်ပင်သာဓမ္မာရုံ ရတနာစံကျောင်း (၁၈၆၃၁၉၉၈)
၅။ မိတ္ထီလာစီရင်စု၊ ကမ်းနီတိုင် (၁၈၀၂–၁၉၃၂)
၆။ ပုပ္ပားတောင်ကလပ် (၁၉၂၀–၂၀၀၄)
၇။ သက္ကျသီဟစာမေးပွဲ (၁၉၀၃–၁၉၉၇)

တို့ဖြစ်ပါသည်။ ဗုဒ္ဓသာသနာတွင် ဘုရား၊ တရား၊ သံဃာဟူ၍ ရတနာသုံးပါးရှိသည့်အနက် သံဃာသည် ဗုဒ္ဓသာသနာ အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုရဟန်းတို့၏ ဘဝဖြစ်ပျက်၊ တည်ရှိခဲ့မှုကို မှတ်တမ်းတင်သည့်အနေဖြင့် ဖော်ထုတ်တင်ပြခြင်း ဖြစ်ပါသည်။

ပထမဆုံးဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ (၁ဂ္ဂ၉၀–၁ဂ္ဂ၉၂) စာတမ်းတွင် လူ့ဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းပုံ စတင်ဆွေးနွေးထားပါသည်။ အသက် ၂၀ ပြည့်ပြီးသော အမျိုးသားတစ်ဦးသည် အင်္ဂါငါးပါးနှင့်အညီ ရဟန်းခံပွဲ ကျင်းပရပုံ၊ ထိုပွဲတွင် ရဟန်းသစ်အတွက် အနီးကပ် လမ်းညွှန်သွန်သင်ဆုံးမမည့် ဥပဇ္ဈာယ်ဆရာကို ရရှိလိုက်ပုံ၊ နောင်အခါ နိဿရည်းဆရာကို ရှာဖွေနည်းမှီတပည့်ခံရပြီး ဂန္ထဓူရ၊ ဝိပဿနာ ဓူရနှစ်ဖြာကို ကျင့်ကြံအားထုတ်ရပုံ၊ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်သုံးပုံကို လေ့လာဆည်းပူး သင်ယူကြရပုံ၊ ပရိယတ္တိစာပေ သင်ကြားပို့ချမှု ခံယူပြီးပါက နိဿရည်းခံတပည့်အဆင့်မှ နိဿယမုစ္စကဖြစ်အောင် ကြိုးပမ်းရပြီး၊ နောက်ဆုံး နိဿရည်းဆရာ၊ ဥပဇ္ဈာယ်ဆရာ ဖြစ်လာအောင် ကြိုးပမ်းရပုံ၊ ဝိပဿနာဓူရကိုလည်း ရဟန်းဘဝ အချိန်ရသမျှ ကြိုးပမ်းအားထုတ်ရပုံ၊ ဗဒုံမင်း (၁ဂ္ဂ၈၂–၁၈၁၉) နှင့် ပထမ မောင်းထောင်သာသနာပိုင် အသျှင်ဉာဏတို့ ၁ဂ္ဂ၉၀–၁ဂ္ဂ၉၂ ခုနှစ် ကာလတွင် ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ မွေးထုတ်ရေး စီမံကိန်း အကောင်အထည်ဖော်ခဲ့ပုံကို ဆက်စပ်တင်ပြထားသည့်အပိုင်း ဖြစ်ပါသည်။

ဒုတိယမှာ ဘုန်းကြီးကျောင်းများ ဖြစ်တည်မှုကို ဖော်ပြထားပါသည်။ ရဟန်းတို့ နေထိုင်သီတင်းသုံးရာ အဆောက်အအုံကို ကျောင်းဟု သတ်မှတ်ပါသည်။ သာမန်အားဖြင့် ထိုကျောင်းသည် လူတို့နေထိုင်ရာ ရပ်ရွာနှင့် အနည်းဆုံး နှစ်မိုင် (ကုတ်လုတ်လေးတာ ၅၀၀) ကွာဝေးရပါသည်။ မန္တလေးရှေးဟောင်းဘုန်းကြီးကျောင်းများ၏ ၁ဂ္ဂ၈၂ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ ခေတ်အဆက်ဆက် ရဟန်း၊ သာမဏေစာရင်း ဖော်ထုတ်တင်ပြ၍ ကျောင်းနေရဟန်းတို့၏ သက်ဝင်လှုပ်ရှားပုံ၊ စာသင်တိုက်၊ စာသင်ကမ္မဋ္ဌာန်းတိုက်၊ ကမ္မဋ္ဌာန်း (တောရ) ကျောင်းဟု မန္တလေးရှိ ကျောင်းများကို အုပ်စုခွဲခြားနိုင်ပုံ၊ ကျောင်းနေသံဃာများ ခေတ်အဆက်ဆက် စာပြန်ပွဲ၊ စာမေးသဘင်များတွင် ပါဝင်ဖြေဆိုသဖြင့် ဓမ္မာစရိယဘွဲ့ရ ရဟန်းများ ပေါ်ထွက်လာပုံ၊ အစိုးရမင်းအဆက်ဆက် ချီးမြှင့်သော ဘွဲ့တံဆိပ်ရ ရဟန်းတော်များ ပေါ်ထွက်လာပုံကို ၁၉၉၆ ခုနှစ်အထိ ဆွေးနွေးတင်ပြထားပါသည်။

တတိယမှာ ဝိပဿနာဓူရ ပွားများအားထုတ်ရာ စစ်ကိုင်းတောင်ရိုးရှိ ပရက္ကမချောင် (၁၃၆၄–၁၉၈၂) ကို ဆွေးနွေးတင်ပြထားပါသည်။ ၁၃၄၀ ပြည့်နှစ်က ပင်းယ၊ စကားအင်း အရပ်ရှိ စကားခုနစ်ကျောင်းအနက် နှစ်ကျောင်းတွင် သီတင်းသုံးနေထိုင်သည့် ပရက္ကမညီနောင်သည် ၁၃၆၄ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ ပရက္ကမချောင် နှစ်ခုသို့ စတင်ရောက်ရှိ သီတင်းသုံးပုံ၊ ဧကစာရတစ်ပါးတည်းသာ နေထိုင်ကြပြီး ဝိပဿနာဓူရ ကျင့်ကြံအားထုတ်ကြပုံ၊ တပည့်မမွေးသဖြင့် ချောင်တွင် သံဃာဆက် ပြတ်တောက်မှုရှိပုံ၊ ၁၈၄၅ ခုနှစ်တွင် သာသနာပိုင် ဦးညေယျ ပရက္ကမချောင်သို့ နောက်ပါအခြံအရံများဖြင့် တောဝင်လာပုံ၊ စာသင်တိုက်ဖြစ်လာပုံ၊ ဦးညေယျ (၈) နှစ်ကြာ သီတင်းသုံးပြီးနောက် သံဃာဆက် မပြတ်ပုံ၊ ၁၉၄၇ ခုနှစ်တွင် အနောက်ပရက္ကမချောင်၌ ဦးဝဏ္ဏစာရ၊ အရှေ့ပရက္ကမချောင်၌ ဦးဝါယမ တို့နှစ်ပါး စိတ်တူကိုယ်တူ ပူးပေါင်းမိကြပြီး ပရက္ကမညီနောင်ဟု ထင်ရှားလာပုံ၊ သက်သတ်လွတ်ဆွမ်း၊ ပဲဆွမ်းသာ ဘုဉ်းပေးကြပြီး မူတင် ၁၃ ပါး ကျင့်ဆောင်ခြင်း၊ ဆဋ္ဌသံဂါယနာပွဲ အကြံပေးခြင်း ဆောင်ရွက်ခဲ့ပုံတို့ကို တင်ပြထားပါသည်။ ချောင်မှာ ဘုန်းကြီးကျောင်းပင် ဖြစ်သည်ကို ရှင်းလင်းတင်ပြထားပါသည်။

စတုတ္ထမှာ မိတ္ထီလာစီရင်စု၊ တောမလေးရွာရှိ ညောင်ပင်သာဓမ္မာရုံကျောင်း (၁၈၆၃–၁၉၉၈) ကို ဆွေးနွေးတင်ပြထားပါသည်။ မင်းတုန်းမင်း (၁၈၅၂–၁၈၇၈) က ၁၈၆၃ ခုနှစ်တွင် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် အသစ်များကို "ဘုရင့်ကိုယ်ခွဲ နားမျက်စေ့" အဖြစ် ခန့်ထားပုံ၊ ဂိုဏ်းထောက် သီတင်းသုံးရန် ဘုန်းကြီးကျောင်းကို မြို့ဝန်က အနီးဝန်းကျင် ကျေးရွာများမှ ငွေကြေးခွဲဝေကောက်ခံ၍ ဆောက်လုပ်ပေးရပုံ၊ တောမအုပ်စုဝင် ရွာများ၊ ညောင်ပင်အမည်ရှိ ရွာများ၊ ၁၈၇၄ ခုနှစ် ရွာသစ်တိုင်တွင် ပါဝင်သော ရွာများ၊ ၁၉၁၁ ခုနှစ် ရွာသစ်တိုင် အိမ်ခြေ၊ လူဦးရေစာရင်းတို့ကို ဖော်ပြထားပြီး ညောင်ပင်သာရွာမှာ ဓမ္မာရုံကျောင်း ဆောက်လုပ်ရေးတွင် ငွေကြေးထည့်ဝင်မှု အများဆုံးဖြစ်ရပုံ၊ ဆယ့်တစ်နှစ်အကြာ ၁၈၇၄ ခုနှစ် ရောက်မှ ကျောင်းဆောက်ပြီး၍ ဂိုဏ်းထောက်ဦးဝိစာရဓမ္မ ရောက်ရှိသီတင်းသုံးပုံ၊ ဂိုဏ်းထောက်စီမံအုပ်ချုပ်ရာ မနာခံလိုသဖြင့် ရွှေမြို့တော်သို့ ပြောင်းရွှေ့သွားသော ရဟန်းများ ရှိပုံတို့ကို တင်ပြဆွေးနွေးထားပါသည်။ ထို့နောက် ဂိုဏ်းထောက် ဦးဝိစာရဓမ္မ စီမံအုပ်ချုပ်ရာ မိတ္ထီလာစီရင်စု အတွင်းရှိ တိုင်နယ် ၃၀ မှ ဘုန်းကြီးကျောင်းအလိုက် သံဃာစာရင်း၊ ရွာသစ်တိုင် သံဃာစာရင်း၊ ဓမ္မာရုံကျောင်းရှိ သံဃာစာရင်းများကို တင်ပြ၍ ၁၈၇၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ၁၂၅ နှစ်တာ ကာလအတွင်း တိုက်အုပ် ငါးပါး အစဉ်အဆက် ကျောင်းကို ထိန်းသိမ်းခဲ့ပုံ၊ ဂိုဏ်းထောက်ဆရာတော် လက်ထက်ကတည်းက ရှိခဲ့သော အသုံးအဆောင်ပစ္စည်းများကို ပြတိုက်သဖွယ် ထိန်းသိမ်းထားရှိပုံ တို့ကို တင်ပြထားပါသည်။

ပဉ္စမမှာ မိတ္ထီလာစီရင်စု၊ ကမ်းနီတိုင် (၁၈၀၂–၁၉၃၂) နယ်မြေအတွင်း အခြေချနေထိုင်မည့်သူများ ပုဂံခေတ်ကပင် စတင်ခဲ့ပုံ၊ ကမ်းနီချောင်းကို အမှီပြု၍ ကမ်းနီတိုင်ဟု ခေါ်တွင်ပုံ၊ ၁၈၀၂ ခုနှစ် ကမ်းနီတိုင်စစ်တမ်းအရ မြေတိုင်သူကြီးမျိုးက အစဉ်အဆက် အုပ်ချုပ်ပုံ၊ ၁၈၇၈ ခုနှစ် စာရင်းအရ ရွာပေါင်း ၃၉၊ အိမ်ခြေ ၄၂၁ ရှိရာမှ ၁၉၂၁ ခုနှစ်တွင် အိမ်ခြေ ၂၄၂၈၊ လူဦးရေ ၁၂၄၀၄ ရှိလာပုံ၊ တိုင်နယ်မြေ ကျယ်ဝန်းသလောက် လူနေကျဲပါးလှပုံ၊ ၁၈၆၄ ခုနှစ်တွင် ကမ်းနီတိုင်တွင် ဘုန်းကြီးကျောင်း ၅ ကျောင်း၊ သံဃာ ၂၇ ပါး ရှိရာမှ ၁၉၂၄ ခုနှစ်တွင် ဘုန်းကြီးကျောင်း ၂၁ ကျောင်း၊ သံဃာအပါး ၄၀ အထိ သီတင်းသုံးနေထိုင်လာပုံ၊ တိုင်နယ်အတွင်းနေသူများသည် လယ်ယာစိုက်ပျိုးရေးဖြင့် အသက်မွေးကြသော်လည်း လုပ်ဆောင်စီးပွား မဖြစ်ထွန်းသဖြင့် လယ်ပေါင်ယာပေါင် သက္ကရာဇ်စာများ တွေ့လာရပုံတို့ကို ဆွေးနွေးတင်ပြထားပါသည်။

ဆဋ္ဌမမှာ ပုပ္ပားတောင်ကလပ် (၁၉၂၀–၂၀၀၄) လူနေရပ်ဝန်းအဖြစ် စတင်လာပုံနှင့် သာသနာပြုရန် ဒေသခံနှင့် ရပ်ဝေးပုဂ္ဂိုလ်အချို့ ရောက်ရှိလာပုံ ဦးစွာတင်ပြထားပါသည်။ ပုပ္ပားတောင်ကလပ်ကို တောင်ခြေ၊ တောင်လယ်၊ တောင်ထိပ်ဟု သုံးပိုင်းခွဲခြားထားပုံ၊ တောင်ခြေမှ တောင်လယ်သို့ တက်ရန် စောင်းတန်း သုံးသွယ်ရှိပုံ၊ တောင်လယ်မှ တောင်ထိပ်သို့ စောင်းတန်းတစ်ခုသာရှိပုံ၊ တောင်ထိပ် ၁ နှင့် ၂ ဟု နှစ်ပိုင်း ကွဲနေပုံ ဦးစွာဖော်ပြထားပါသည်။ ၁၉၂၀ ပြည့်နှစ်မှ ၁၉၅၂ ခုနှစ်အထိ နှစ်ပေါင်း သုံးဆယ်ကာလအတွင်း သာသနာပြုရန် ရောက်လာသူများတွင် သမားတော်၊ လူသူတော်၊ ရသေ့၊ ရဟန်း၊ နယ်နှင်ဒဏ်ခံရသူ (Act Two, ညွှန့်ထူး)၊ ဂိုဏ်းဆရာဟူ၍ အမျိုးစုံ ပါဝင်လာပုံ၊ ဒေသခံနှင့် ရပ်ဝေးပုဂ္ဂိုလ်များ နီးစပ်ရာ ပေါင်းစည်းမိပြီး အုပ်စုနှစ်စုအသွင် အပြိုင် သာသနာပြုကြပုံ၊ ၁၉၂၆ ခုနှစ်တွင် တောင်ထိပ် ၂ ၌ ဦးပန်းအေးအုပ်စု စေတီတစ်ဆူ စတင်တည်ခဲ့ပုံ၊ ၁၉၂၄ ခုနှစ်တွင် ဦးကြွယ်အုပ်စုက တောင်ထိပ် ၁ တွင် တံခွန်တိုင် စတင် စိုက်ထူပုံ၊ ၁၉၂၆ ခုနှစ် ကျိုက်ထီးရိုးကျောက်တုံး ပေါ်တွင် စေတီတည်ခြင်းတို့ကို အပြိုင်အဆိုင် ပြုလုပ်လာပုံ၊ ဦးကောသလ္လသည် ၁၉၂၉ ခုနှစ်တွင် နမတော်နတ်နန်း ၌ နတ်ကန္နားပွဲ ကျင်းပပြီး ၁၉၂၇ ခုနှစ်တွင် တောင်ထိပ်၌ ရွှေဖျင်းညီနောင် နတ်ရုပ် စတင်ထားရှိခဲ့ပုံ၊ ၁၉၃၀ ပြည့်နှစ်တွင် တောင်ခြေတွင် မယ်တော်ကြီး နတ်ရုပ်ကို နတ်နန်းနှင့် စတင်ထားရှိလာပုံတို့ကို ဆွေးနွေးတင်ပြထားပါသည်။ ထို့နောက် ပုပ္ပားတောင်ကလပ်တွင် ပေါ်ထွန်းလာသော ဘုန်းကြီးကျောင်းများဖြစ်သည့် ကုမာရာရာမကျောင်းတိုက်၊ ရွှေဂူချောင်၊ ရတနာအောင်မြေကျောင်း အပါအဝင် စာရင်းဝင် ကျောင်းရှစ်ကျောင်းတွင် ရဟန်း ၆၅ ပါး၊ သာမဏေ ၆၆ ပါး သီတင်းသုံးလျက်ရှိပုံ၊ ကျောင်းသစ်များ တိုးပွားလျက်ရှိပုံ၊ ၁၉၃၈ ခုနှစ်တွင် ဘိုးမင်းခေါင် တောင်ကလပ်သို့ ရောက်လာပြီး ၁၉၅၂ ခုနှစ် စက်တင်ဘာလ ၅ (၁၃၁၄ တော်သလင်းလပြည့်ကျော် ၂) ရက်နေ့တွင် ကွယ်လွန်သဖြင့် ကွယ်လွန်သည့် နေ့ကို ထွက်ပွဲနေ့ဟု နှစ်စဉ်ကျင်းပကြပုံ၊ ထွက်ရပ် ပေါက်ပုဂ္ဂိုလ် (၆၄) ပါးရှိပြီဟု ယုံကြည်ကြပုံ၊ ပုပ္ပားဂေါပကအဖွဲ့ ၁၉၈၀ ပြည့်နှစ်တွင် ပီပြင်စွာ ပေါ်ပေါက်လာပြီး တောင်ကလပ်အုပ်ချုပ်ရေး ဆောင်ရွက်နေပုံတို့ကို တင်ပြထားပါသည်။

သတ္တမမှာ သက္ကျသီဟစာမေးပွဲ (၁၉၀၃–၁၉၉၇) မှာ မန္တလေးရှိ ရဟန်း၊ သာမဏေတို့အတွက် ၁၈၉၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ပရိယတ္တိသာသနဟိတအသင်းကြီးမှ ဦးစီးကျင်းပပေးခဲ့ပုံကို ဦးစွာ ဖော်ပြထားပါသည်။ အသင်းကြီးမှ ၁၉၀၂ ခုနှစ်တွင် မန္တလေးကျောင်းတိုက်ကြီးများရှိ စာချ၊ စာသင်စာရင်း ကောက်ယူပုံ၊ စာချဆရာတော်များကို အသင်းကိုးကွယ်ခံ မူလစာချအဖြစ် ဘွဲ့တံဆိပ် ဆက်ကပ်၍ လစဉ် ဆွမ်းဆန်တော် ထောက်ပံ့ပုံ၊ စာသင်သား ရဟန်းစာရင်း ကောက်ခံခြင်း၊ စာပြန်ပွဲ စည်းမျဉ်းဥပဒေများ ထုတ်ပြန်ပုံ၊ စာပြန်ပွဲ (အတန်း) ခြောက်မျိုး ခွဲခြားသတ်မှတ်ထားပုံ၊ အတန်းအလိုက် သင်ရိုးညွှန်းတမ်း သတ်မှတ်ပုံ၊ ၁၉၄၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ သာမဏေစာမေးပွဲ (သုံးဆင့်လုံး) အောင်မြင်သူစာရင်း၊ ရဟန်းတို့အတွက် သီးခြားစာချတန်းနှင့် သီးခြားစာသင်တန်း စာမေးပွဲနှစ်ဆင့် ခွဲထားပုံ၊ သင်ရိုးညွှန်းတမ်း၊ ၁၉၀၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ စာသင်တန်းနှင့် စာချတန်းအောင်မြင်သူစာရင်း၊ ၁၉၀၇ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ နှစ်ကိုးဆယ်အတွင်း ဝဋံသကာကိုးပါး ပေါ်ထွက်လာပုံ၊ စာမေးပွဲအောင်မြင်သူများကို ပဒေသာပင်များ လှူဒါန်းပုံ၊ စာမေးပွဲမေးခွန်းများနှင့် အဖြေလွှာများ စစ်ဆေးရာတွင် ကာရကလူကြီးများ လိုက်နာရမည့် ညွှန်ကြားချက်ထုတ်ပြန်ထားပုံ၊ မေးခွန်းထုတ်ဆရာတော်များ ရွေးချယ်ပင့်လျှောက်ပုံတို့ကို တင်ပြထားပါသည်။

မြန်မာ့လူဦးရေ၏ ရှစ်ဆယ်ရာခိုင်နှုန်းကျော်သည် ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်သူများ ဖြစ်သည်။ ဗုဒ္ဓသာသနာ အဓွန့်ရှည်ကြာ တည်တံ့ရေးအတွက် ကြိုးပမ်းနေကြသည့် ရဟန်းတော်တို့အား စွမ်းအားရှိသမျှ အထောက်အပံ့ ပေးနေကြသူများလည်း ဖြစ်ပါသည်။ နှစ်ကာလ ကြာလာသည်နှင့်အမျှ ဗုဒ္ဓသာသနာဆိုင်ရာ ဓလေ့ထုံးစံများ ရှေးမူအတိုင်း၊ ဆက်လက်တည်တံ့နေခြင်း၊ ဓလေ့ဟောင်း များ ချုပ်ငြိမ်းပျောက်ကွယ်၍ ဓလေ့သစ်များ အစားထိုးဝင်ရောက်လာခြင်း၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ဆက်လက် တည်မြဲခြင်း (ဖြစ်တည်မှု) သဘောကို ရဟန်းဘဝ၊ သီတင်းသုံးနေထိုင်ရာ ကျောင်းပုံစံအမျိုးမျိုး၊ ဂန္ထဓူရ ပရိယတ္တိစာပေ သင်ယူတတ်မြောက်ခြင်းကို သက်သေပြသော စာပြန်ပွဲများအကြောင်းကို ဆက်စပ်ရသမျှ တင်ပြပေးထားပါသည်။